မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 533 766 E-mail : blcms@cscoms.com
Website : www. blc-burma.org

## ရန်ကုန်မြို့တွင်း ဗုံးပေါက်ကွဲမှုကြီးများနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန် နအဖ အာဏာပိုင်များအား တောင်းဆိုခြင်း

၁။ ၂၀၀၅ ခုနှစ်မေလ (၇) ရက်နေ့တွင် အမျိုးအမည်မသိသော အကြမ်းဖက် ဖေါက်ခွဲရေးသမားများ၏ လက်ချက်ဖြင့် အပြစ်မဲ့ပြည်သူမြောက်များစွာ၏လုံခြုံရေးကို ထိပါးစေသည့်ဖေါက်ခွဲမှုကြီးဖြစ်ပွားခဲ့သည်။ အထူးသဖြင့်လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှစ၍ အမျိုးအမည်မသိသူများ၏ လက်ချက်ဖြင့် ဤမျှပြင်းထန်ကြီးမားသော ဖေါက်ခွဲမှုကြီးမျိုးတကြိမ် တခါမျှဖြစ်ပွားခဲ့ဘူးခြင်းမရှိသဖြင့် ဤဖြစ်ရပ်အပေါ်တွင် မည်ကဲ့သို့ကိုင်တွယ်အရေးယူဆောင်ရွက်သင့်သည် ဟူသည် ကို လူ့အဖွဲ့အစည်းတရပ်လုံးအနေဖြင့် အလေးထားစဉ်းစားရန် ရှိလာပါသည်။

၂။ ဒီပဲယင်းလုပ်ကြံမှုကြီး ဖြစ်ပွားပြီး နာရီပိုင်းအတွင်းမှာ ပင် နအဖသည်မည်သည့် စုံစမ်းစစ်ဆေးမှုကို မျှ သေချာစွာ မလုပ်ဆောင်ရသေးဘဲ အသင့်ရေးထားပြီးသော ထုတ်ပြန်ကြေငြာချက်ကို အလွယ်တကူထုတ်ဖတ်လိုက်သကဲ့သို့ပင် ယင်းဖြစ်ရပ်သည် ဒေါ်အောင်ဆန်းစုကြည် နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို လိုလားသူများ နှင့် ကန့်ကွက်သူ များ အကြားဖြစ်ပွားသော ပဋိပက္ခ အဖြစ် ချက်ခြင်းပင် ကောက်ချက်ချ ထုတ်ပြန်ကြေငြာခဲ့သည်။ ယခုတကြိမ်တွင် လည်း ဖေါက်ခွဲမှုကြီး ဖြစ်ပြီးပြီးခြင်း နာရီပိုင်း အတွင်းမှာပင် မည်သည့် ခိုင်လုံသောသက်သေခံ အထောက်အထား များကို မျှ မတင်ပြနိုင်ဘဲ နအဖ အာဏာပိုင်များက အတိုက်အခံ နိုင်ငံရေးအင်အား စုများ အပေါ်သို့ အလွယ် တကူအပြစ်ပုံချခဲ့သည်။ အတိုက်အခံနိုင်ငံရေးအင်အားစုများကလည်း ဤဖြစ်ရပ်သည် နအဖ စစ်တပ်အတွင်းဖြစ်ပွား နေသော ပဋိပက္ခ၏ ရိုက်ခတ်မှု၊ အထူးသဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ထောက်လှမ်းရေးများကို အရေးယူလိုက်သဖြင့် ၎င်းတို့က တန်ပြန်သည့် အကျိုးသက်ရောက်မှု ဖြစ်နိုင်သည်ဟု ခန့်မှန်းသုံးသပ်ပြောဆိုမှုများ ပေါ်ပေါက်လာသည်။ မည်သည့် သက်သေခံ အထောက်အထား ခိုင်လုံမှုမျှ မရှိဘဲ နှစ်ဘက် အပြန်အလှန် စွပ်စွဲပြောဆိုမှုများ ရှိနေလျှင် သံသယများ၊ မယုံကြည်မှုများ၊ မုန်းတည်းမှုများပွားများလာစေခြင်းသည်သာ အဖတ်တင်စေပြီး လူ့အဖွဲ့အစည်းက မြှော်မှန်းလျှက်ရှိသော စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေရုံသာမက အမှန်တရားကို ဖေါ် ထုတ်နိုင်ရေးအတွက်လည်းကောင်း၊ ဤဗုံးခွဲမှုကြီးကြောင့် သေဆုံး၊ ဒဏ်ရာရ၊ဘဝနစ်နာပျက်စီးဆုံးရှုံးသွားခဲ့ရသူများ အတွက် ပြန်လည်ကုစားမှုများ လုပ်ဆောင်နိုင်ရေးအတွက်လည်းကောင်း၊ နောင်ကို အလားတူ ဖြစ်ရပ်မျိုးမဖြစ်ပွားနိုင် စေရေးအတွက် ကာကွယ်စောင့်ရှောက်ရန် တိုင်းပြည်၏အုပ်ချုပ်မှုယန္တယားများကို မည်သို့ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်း သင့်သည်ဟူသော (Institutional Reform) ဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း မည်သို့မျှ အထောက်အပံ့ မဖြစ်စေနိုင် ဟုသုံးသပ်တွေ့ရှိရသည်။

၃။ သို့ဖြစ်၍ပထမအချက်အနေဖြင့် ဤဖြစ်ရပ်ကြီးနှင့်စပ်လျဉ်း၍အမှန်တရားဖေါ်ထုတ်ရေးအတွက် အရေးယူဆောင် ရွက်ရန်မည်သူ့တွင်တာဝန်ရှိသနည်းဟူသည်ကို စဉ်းစားရန်ရှိလာသည်။ ရှင်းလင်းသော အချက်မှာ နအဖသည် တိုင်းပြည်၏ အာဏာကို ၎င်းတို့သဘောအလျှောက် အတင်းအကြပ် သိမ်းယူအုပ်ချုပ်ထားသဖြင့် လည်းကောင်း၊ စုံစမ်းဖေါ်ထုတ်နိုင်ရေးအတွက် အရေးကြီးသောယန္တယားများ ဖြစ်သည့် ရဲတပ်ဖွဲ့များ၊ ထောက်လှမ်းရေးတပ်ဖွဲ့များ နှင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ အားလုံးမှာ နအဖ ၏ တိုက်ရိုက်ကြီးကြပ် ကွပ်ကဲမှုအောက်တွင် ရှိနေ၍ လည်းကောင်း၊ စုံစမ်းစစ်ဆေးဖေါ်ထုတ်ရာတွင် ကုန်ကျမည့် ငွေကြေးနှင့်စပ်လျဉ်း၍လည်း တိုင်းပြည်၏ဘဏ္ဍာငွေကြေး အားလုံးမှာ နအဖ လက်ထဲတွင်ရှိနေ၍ လည်းကောင်း၊ နအဖတွင် သာ အဓိကအားဖြင့် တာဝန်ရှိကြောင်း တွေ့ရ သည်။

၄။ ဒုတိယ အချက်အနေဖြင့် ယန္တယားတရပ်ကို ဖန်တည်းကာ မည်သို့မည်ပုံဖေါ်ထုတ်သင့်သည်ကို စဉ်းစားရန် ရှိလာသည်။ နအဖ အာဏာပိုင်များ သက်သက်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်သာ ဤဖေါက်ခွဲမှုကြီးကို ဖေါ်ထုတ်မည်ဆိုလျှင် ရရှိလာမည့် တွေ့ရှိချက်နှင့် သုံးသပ်ချက်များအပေါ် ပြည်သူလူထုအနေဖြင့်လည်းကောင်း နိုင်ငံတကာအနေဖြင့်လည်းကောင်းလက်ခံယုံကြည်ရန် အခက်အခဲရှိလာသည်။ အဘယ်ကြောင့်ဆိုသော် ထင်ရှား၍အငြင်းမပွားနိုင်သည့် မည်သည့် သက်သေခံအထောက်အထားမျှ မတင်ပြနိုင်ဘဲ အတိုက်အခံ အင်အားစုများကို အလွယ်တကူယိုးစွပ်သော အစဉ်အလာမှာ နအဖတွင် ရှိနေသည်။ ဒီပဲယင်းလုပ်ကြံမှုကြီးမှာ တကမ္ဘာလုံးအသိ ဟိုးလေးတကျော်ဖြစ်ခဲ့သော်လည်း လက်သည်တရားခံမှာ မည်သူဖြစ်ကြောင်း နှစ်နှစ်နီးပါးကြာသည်အထိ နအဖအနေဖြင့် လုံးဝထုတ်ဖေါ်ပေးခဲ့ခြင်းမရှိ။ နအဖ၏ အတွင်းရေးမှူး နှစ် ဖြစ်သူ ဗိုလ်မှူးချုပ်တင်ဦး နှင့် စစ်အရာရှိကြီးအချို့ဖုံးခွဲ လုပ်ကြံခံခဲ့ရသည့်ကိစ္စ ကိုလည်း မည်သို့မျှ စုံစမ်းစစ်ဆေးဖေါ်ထုတ်ပေးခဲ့ခြင်းမရှိသောကြောင့် ယခုတကြိမ်ဖြစ်ပွားသော ဖုံးခွဲမှုကြီးကိုလည်း နအဖ အနေဖြင့် ရိုးသားမှန်ကန်စွာ ဖေါ်ထုတ်ပေးပါမည်လော ဟူသည်ကို ပြည်သူလူထု အနေဖြင့် သံသယဖြစ်ဘွယ်ရှိသည်။ အထူးသဖြင့် စစ်ထောက်လှမ်းရေး ယန္တယားကြီးတခုလုံးကို နအဖက ရိုက်ချိုးဖျက်ဆီးခဲ့သည် မှာလည်း အငြင်းမပွားသောအချက်ဖြစ်သောကြောင့် အတိုက်အခံနိုင်ငံရေး အင်အားစုများက ထောက်ပြသကဲ့သို့ ဤလုပ်ရပ်မျိုးတွင် ကျွမ်းကျင်သော စစ်ထောက်လှမ်းရေးဟောင်းများ၊ တပ်မတော်အတွင်းမှ ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုလိုလားသော စစ်အရာရှိကြီးများ ၏ လက်ချက်ဖြစ်နေပါက နအဖ အနေဖြင့် အမှန်တကယ် စုံစမ်းတွေ့ရှိပါသော်လည်း ပြည်သူလူထုနှင့် နိုင်ငံတကာသို့ အမှန်အတိုင်း ထုတ်ဖေါ်ပါမည်လား ဟူသည်မှာလည်း သံသယဖြစ်ဘွယ်ရှိသည်။

၅။ သို့ဖြစ်၍ လက်ရှိတည်ဆဲဥပဒေများကို ထောက်ထားလျှက် ဤဖေါက်ခွဲမှုကြီးနှင့်စပ်လျဉ်းကာ စုံစမ်းစစ် ဆေးခြင်းဆိုင်ရာလုံးထုံး လုပ်နည်းတရပ်ကို အမြန်ဆုံးပြုစုပြီး အခွင့်အာဏာအပြည့်အဝ အပ်နှင်းခြင်းခံရသည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် တရပ်ကို အောက်ပါ ပုဂ္ဂိုလ်ကြီးများပါဝင်စေလျှက် ဖွဲ့စည်းဆောင်ရွက်ဂုန် နအဖ အားတောင်းဆိုသည်။

(က) မဆလ၊ နဝတ၊ နအဖ အုပ်ချုပ်ရေးယန္တယားတွင် မည်သည့်အခါကမျှ ပါဝင် အလုပ်အကြွေးမပြုခဲ့ဘူးဘဲ လွတ်လပ်သောဥပဒေပညာရှင် အဖြစ်အသက်မွေးရပ်တည်ဆဲဖြစ်ပြီး ဥပဒေပညာအရ အားထားယုံကြည်ဘွယ်အရည်အချင်းနှင့် ပြည့်စုံသည့် ဥပဒေပညာရှင်အချို့၊

(ခ) နအဖ ၏ ဥပဒေဆိုင်ရာယန္တယားများတွင် ပါဝင်ဆောင်ရွက်ဆဲဖြစ်ပြီး နအဖ မှ အားထားယုံကြည်သည့် ဥပဒေပညာရှင်၊ တပ်မတော် အရာရှိ နှင့် ရဲဘက်ဆိုင်ရာ အရာရှိကြီး အချို့။

(ဂ) ၁၉၉၀ မေလ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများမှ ရွေးချယ်စေလွှတ်သော ရွေးကောက်ခံ ကိုယ်စားလည် အချို့။

၅။ တတိယ အချက်အနေဖြင့် မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်ပါတီ အဖွဲ့အစည်းကို ပင် တွေ့ရှိဖေါ်ထုတ်နိုင် သည်ဖြစ်စေ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တွေ့ရှိချက်သည် အပြီးအပိုင်အဆုံးအဖြတ်မဖြစ်သင့် မဖြစ်နိုင်ပါ။ သံသယ အကျိုးခံစားခွင့်မှာ လူတိုင်းတွင် ရှိသဖြင့် တရားရုံးတွင်တင်၍ ဤမှုခင်းကြီးကို အပြီးအပိုင်ဆုံးဖြတ်ပြီးမှသာ မည်သူပြစ်မှုကျူးလွန်သည်ကို လူ့အဖွဲ့အစည်းအနေဖြင့် လက်ခံသင့်ပါသည်။ ဤသည်နှင့် စပ်လျဉ်း၍ နအဖ အားအောက်ပါအတိုင်းတောင်းဆိုသည်။

(က) တရားရုံးချုပ်တွင် ရှိထားပြီးသော လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးလျှက် လွတ်လပ်သော ဥပဒေပညာရှင်များ ပါဝင်စေလျှက် ဤမှုခင်းကို ကိုင်တွယ်မည့် အထူးတရားရုံးတရပ် ဖွဲ့စည်းစေရန်။

(ခ) သံသယဖြစ်ခံရသူများအားရှေ့နေငှားရမ်းခွင့်အပါအဝင်ခုခံပိုင်ခွင့်အခွင့် အရေးများ အပြည့်အဝပေးရန်။

(ဂ) တရားစီရင်စစ်ဆေးခြင်းကို မည်သည့် အကျဉ်းထောင် ပရဝုဏ် အဝန်းအဝိုင်းတွင်မျှ မစစ်ဆေးဘဲ အများပြည်သူအလွယ်တကူ သွားရောက်လေ့လာခွင့် ရနိုင်မည့် မြို့လည်ခေါင်တွင် စစ်ဆေးရန်။

(ဃ) ဤမှုခင်းမှာ လွန်စွာကြီးမားသော မှုခင်းကြီးဖြစ်သဖြင့် (International Trial Observers)

များ အဖြစ် နိုင်ငံတကာမှ လွတ်လပ်သော ဥပဒေပညာရှင်များကို ဖိတ်ကြားတက်ရောက် လေ့လာခွင့် ပြုစေရန်။

(င) တရားစစ်ဆေး စီရင်နေသည့် ကာလအတွင်း နိုင်ငံတကာ နှင့် ပြည်တွင်းမှ လွတ်လပ်သော သတင်းဌာနများ တက်ရောက်လေ့လာသတင်းယူခွင့်ကို အဆင့်တိုင်း၌ ခွင့်ပြုရန်။

၆။ အရေးကြီးဆုံးမှာ မည်သူ၏ လက်ချက်ကြောင့် ပင်ဖြစ်စေ အသက်ဆုံးရှုံး၊ ထိခိုက်ဒဏ်ရာရ၊ ဘဝနစ်နာပျက်စီး ဆုံးရှုံးသွားရသူများ နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ တတ်နိုင်သမျှ လေ့လာစုဆောင်းမှတ်တမ်းတင်ရန်၊ ၄င်းတို့ လတ်တလောခံစားနေရသည့် ဒုက္ခများမှ တတ်နိုင်သမျှ လျော့ပါးစေရေးအတွက် ချက်ခြင်းဆောင်ရွက်ရန် နှင့် သေဆုံးသွားသူများ အတွက်လည်းကောင်း မသေဆုံးဘဲ ကျန်ရှိနေသော နစ်နာသူများအတွက်လည်းကောင်း သက်သာခွင့်ရရေးအတွက် လျော်ကြေးနှင့် အခြားကုစားမှုများ စီစဉ်ပေးရေး အတွက် နအဖ အားအောက်ပါအတိုင်း တောင်းဆိုသည်။

(၁) သေဆုံးသူများ၊ ဒဏ်ရာရ သူများ နှင့် ထိခိုက်နစ်နာသွားသူများ စါရင်းကို လုံးဝ စါရင်းချုပ်နိုင်သည့် အချိန်အထိ ရသမျှ စါရင်းများကို နေ့ စဉ်ထုတ်ပြန်ပေးသွားရန်။

(၂) သေဆုံးသူအလောင်းများကို ယာယီထားရှိရာနေရာများနှင့် ဒဏ်ရာရသူများအား ဆေးဝါးကုသရာ နေရာများကို အများပြည်သူသိအောင် ထုတ်ဖေါ်ရန်။

(၃) သေဆုံးသူအလောင်းများအား မီးသင်္ဂြိုလ်ခွင့်ကို ကျန်ရစ်သူမိသားစုများအားပေးအပ်သည့်အပြင် ၄င်း အတွက် လိုအပ်သော ငွေကြေးနှင့် လူအင်အားအကူအညီများ အားချက်ခြင်းပေးအပ်ရန်။

(၄) ဒဏ်ရာရသူများ ဆေးဝါးကုသရာနေရာများသို့ ၄င်းတို့၏ မိသားစုများ လာရောက်တွေ့ဆုံ နိုင်ရေး အတွက် အမြန်ဆုံး စီစဉ်ဆောင်ရွက်ရန် နှင့် ပြည့်စုံသော ဆေးဝါးများနှင့် ကုစားခွင့်ရစေရေးအတွက် ထိရောက်စွာ အကူအညီပေးရန်။

(၅) လူ့အခွင့်အရေးကို လေးစားသော ဒီမိုကရေစီနိုင်ငံများအားလုံးတွင် ကျင့်သုံးသည့် အစဉ်အလာ အတိုင်း သေဆုံးသူများ၊ ဒဏ်ရာရ သူများ နှင့် ထိခိုက်နစ်နာသွားသူများ အတွက် ၄င်းတို့ကိုယ်တိုင်၏ ဘဝများ သို့မဟုတ် သေဆုံးသွားသူများ၏ မိသားစုဘဝများ ပြန်လည်ထူထောင်နိုင်သည့် အဆင့်အထိ လုံလောက်စေမည့် ထိုက်သင့်သောလျော်ကြေးငွေများပေးအပ်ရန်။ ယင်းသို့ ပေးအပ်သွားမည်ဖြစ် ကြောင်းကို လည်း အများပြည်သူသိအောင် ထုတ်ပြန်ကြေငြာပေးရန်။

**မြန်မာနိုင်ငံရှေ့ နေများကောင်စီ** **နေ့စွဲ။ မေလ (၈) ရက် ၂၀၀၅ ခုနှစ်**

ပိုမို၍သိရှိလိုပါလျှင် ဆက်သွယ်ရန်
ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး
(၄၆) (၀၇၀) ၃၈၉၉ ၈၈၂